# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## ပထမနေ့ အစီအစဉ်

## [ ၂၁-၁-၂၀၁၉ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် **၃** ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊

၃။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း၊

၅။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၆။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊

၇။ ပြည်သူ့လွှတ်တော် ကော်မတီများတွင် ကော်မတီ ဥက္ကဋ္ဌ ပြောင်းလဲတာဝန် ပေးအပ်ခြင်း၊ ကော်မတီအဖွဲ့ဝင်ပြောင်းရွှေ့ခြင်း၊ အစားထိုး လဲလှယ် ဖွဲ့စည်းခြင်း နှင့် ပယ်ဖျက်ခြင်း တို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီ ဖွဲ့စည်းရေး နှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ဖတ်ကြား တင်ပြခြင်း၊

၁၀။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီတွင် ပါဝင်ရန် လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း၊

၁၁။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၏ **ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ စာအုပ်ကို ရေးသားပြုစုထုတ်ဝေရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **တောင်သူဦးကြီးများ မိသားစုအလိုက် ဝင်ငွေပိုမိုတိုးတက်ရရှိရေးအတွက် အဖိုးတန် နှစ်ရှည်သီးနှံတစ်မျိုးဖြစ်သော လျှော်ဖြူပင်ခေါ် ဆေးကုလားမပင် စိုက်ပျိုးထုတ်လုပ်ခြင်းကို နယ်ပယ်ဒေသအသီးသီးတွင် စိုက်ပျိုး လုပ်ကိုင်နေကြပြီ ဖြစ်သဖြင့် နိုင်ငံတော်အစိုးရမှ ဈေးကွက် ခိုင်မာသည့် နိုင်ငံခြားပို့ကုန်အဆင့်အထိ ရောက်ရှိအောင်မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးညဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၏ **သံဖြူဇရပ်မြို့လယ်ခေါင်၊ ပြည်ထောင်စုလမ်းမ နံဘေးရှိ ကုန်သွယ်လယ်ယာနှင့် သမဝါယမ အသင်းစုပိုင် ဂိုဒေါင်မြေနေရာတွင် မြို့တော်ခန်းမ ဆောက်လုပ် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၏ **အုတ်တွင်းမြို့နယ်၊ ဘန့်ဘွေးကုန်း ကျေးရွာအုပ်စုရှိ ရပ်ဆိုင်းထားသော ချဉ်ပေါင်ပျော့ဖတ်စက်ရုံအား**

**BOT စနစ်ဖြင့် အထည်ချုပ်လုပ်ငန်းအနေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးညွန့်အောင်၊ မုံရွာ မဲဆန္ဒနယ်၏ **မုံရွာမြို့နယ်၊ ကြီးအုပ်ကျေးရွာအုပ်စု၊ ကြီးအုပ်ချောင်းအားပိတ်၍ ရေလှောင်တမံ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၏ **လှိုင်ကော်မြို့နယ်တွင်တည်ရှိသော ဒေါပေါ်ကလဲရွာငယ်မှ ဘုရားနီရွာအထိ အလျား (၈၅၀၀)ပေ၊ အကျယ် (၁၂)ပေ၊ ထု (၁၂) လက်မရှိ လယ်ယာကုန်ထုတ်မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးမျိုးဇော်အောင်၊ ကောလင်း မဲဆန္ဒနယ်၏ **ကောလင်းမြို့နယ်အတွင်းဖြစ်ပွားခဲ့သော ဝက်နားရွက်ပြာနှင့် အခြားပူးတွဲရောဂါများကြောင့်ဝက်များထောင်ချီသေဆုံးကာ စီးပွားရေး ပျက်စီးသွားသောမွေးမြူရေးသမားများအတွက် နိုင်ငံတော်မှ ထောက်ပံ့ကူညီပေးနိုင်ခြင်းရှိ၊ မရှိ၊ မွေးမြူရေးပြန်လည်ထူထောင်ရန် ငွေကြေးနှင့် နည်းပညာပံ့ပိုးနိုင်ခြင်းရှိ၊ မရှိ၊ ကူးစက်ရောဂါ ဖြစ်ပွားလာပါက ထိန်းချုပ်ရေးအစီအစဉ်များ မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်း**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၁၂။ ဦးအောင်ကြည်သိန်း၊ ချောင်းဆုံ မဲဆန္ဒနယ်က **"နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မ အရင်းအမြစ်တစ်ခုဖြစ်သည့် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် လက်တွေ့ကျကျ အကျိုးရှိထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း၊

၁၃။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၄။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **"လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၁၅။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **"စားသုံးသူကာကွယ်ရေး ဥပဒေကြမ်း"** ကို လက်ခံ ရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၁၆။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။